ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရ

သယံဇာတနှင့်သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးဝန်ကြီးဌာန

**အမိန့်ကြော်ငြာစာအမှတ် ၈၇ / ၂၀၁၈**

၁၃၈၀ ပြည့်နှစ်၊ တော်သလင်းလပြည့်ကျော် ၂ ရက်

(၂၀၁၈ ခုနှစ်၊ စက်တင်ဘာလ ၂၆ ရက်)

၁။ သယံဇာတနှင့်သဘာဝပတ်ဝန်းကျင် ထိန်းသိမ်းရေးဝန်ကြီးဌာနသည် **လုံးခင်း၊ ဖားကန့် ရတနာနယ်မြေ** နှင့် **မော်လူး-မော်ဟန်ရတနာနယ်မြေ(မော်ဟန်ဒေသ)** အတွင်း ကျောက်မျက်ရတနာ လက်လုပ်လက်စား ခွင့်ပြုမိန့်များကို စိစစ်ခွင့်ပြုနိုင်ရေးအတွက် မြန်မာ့ကျောက်မျက်ရတနာဥပဒေ ပုဒ်မ ၁၃-က နှင့် ပုဒ်မ ၅၄ ၊ ပုဒ်မခွဲ (ခ) တို့အရ အပ်နှင်းထားသော လုပ်ပိုင်ခွင့်ကို ကျင့်သုံး၍ ပြည်ထောင်စုအစိုးရအဖွဲ့၏ သဘောတူညီချက်ဖြင့် **ကချင်ပြည်နယ် လုပ်ကွက်စိစစ်ချထားပေးရေး အဖွဲ့** ကို အောက်ပါအတိုင်းဖွဲ့စည်းလိုက်သည်-

| | | |
|---|---|---|
| (က) | ဝန်ကြီး<br>သယံဇာတနှင့်သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးဝန်ကြီးဌာန<br>ကချင်ပြည်နယ်အစိုးရအဖွဲ့ | ဥက္ကဋ္ဌ |
| (ခ) | ဝန်ကြီး<br>စည်ပင်သာယာရေးဝန်ကြီးဌာန<br>ကချင်ပြည်နယ်အစိုးရအဖွဲ့ | ဒုတိယဥက္ကဋ္ဌ |
| (ဂ) | ညွှန်ကြားရေးမှူး<br>ပြည်နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန<br>ကချင်ပြည်နယ် | အဖွဲ့ဝင် |
| (ဃ) | ညွှန်ကြားရေးမှူး<br>လယ်ယာမြေစီမံခန့်ခွဲရေးနှင့် စာရင်းအင်းဦးစီးဌာန<br>ကချင်ပြည်နယ် | အဖွဲ့ဝင် |
| (င) | ညွှန်ကြားရေးမှူး<br>သစ်တောဦးစီးဌာန<br>ကချင်ပြည်နယ် | အဖွဲ့ဝင် |

(စ) ညွှန်ကြားရေးမှူး ... အဖွဲ့ဝင်
ပတ်ဝန်းကျင်ထိန်းသိမ်းရေးဦးစီးဌာန
ကချင်ပြည်နယ်

(ဆ) ညွှန်ကြားရေးမှူး ... အဖွဲ့ဝင်
သတ္တုတွင်းဦးစီးဌာန
ကချင်ပြည်နယ်

(ဇ) ခရိုင်အထွေထွေအုပ်ချုပ်ရေးမှူး ... အတွင်းရေးမှူး
မိုးညှင်းခရိုင်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန
ကချင်ပြည်နယ်

(ဈ) တာဝန်ခံအရာရှိ ... တွဲဖက်အတွင်းရေးမှူး(၁)
ကျောက်စိမ်းတူးဖော်ရေးဌာန(လုံးခင်း)

(ည) တာဝန်ခံအရာရှိ ... တွဲဖက်အတွင်းရေးမှူး(၂)
ကျောက်စိမ်းတူးဖော်ရေးဌာန(မိုးညှင်း)

၂။ ကချင်ပြည်နယ် လုပ်ကွက်စိစစ်ချထားပေးရေးအဖွဲ့သည် လုပ်ငန်းတာဝန်များကို ဆောင်ရွက်ရာတွင်-

(က) ခွင့်ပြုမိန့်ပါစည်းကမ်းချက်များကို ပြည်နယ်အစိုးရအဖွဲ့၏ အတည်ပြုချက်ဖြင့် သတ်မှတ်ပေးရမည်။

(ခ) လက်လုပ်လက်စားလုပ်ကွက်များတွင် ကျောက်မျက်ရတနာ တူးဖော်ထုတ်လုပ်ခြင်း၊ သယ်ယူပို့ဆောင်ခြင်း၊ လက်ဝယ်ထားရှိခြင်း၊ ရောင်းဝယ်ခြင်းများကို မြန်မာ့ကျောက်မျက်ရတနာဥပဒေ၊ပြည်ထောင်စုအစိုးရ သယံဇာတနှင့်သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေး ဝန်ကြီးဌာနကသတ်မှတ်သည့် အမိန့်၊ ညွှန်ကြားချက်၊ လုပ်ထုံးလုပ်နည်းများနှင့် ခွင့်ပြုမိန့်ပါ စည်းကမ်းချက်များနှင့်အညီ စနစ်တကျ လုပ်ကိုင်စေရန် စီမံခန့်ခွဲခြင်း၊ စဉ်ဆက်မပြတ် စောင့်ကြည့်ကွပ်ကဲခြင်းများကို ပြည်နယ်အစိုးရအဖွဲ့၏ စီစဉ်ကြီးကြပ်မှုဖြင့် ဆောင်ရွက်ရမည်။

(ပုံ)အုန်းဝင်း
ပြည်ထောင်စုဝန်ကြီး

စာအမှတ်၊ ဖ ခွဲ (၂) ၁၈/ **သတ္တု**( ၁၁၄၃၁ )

ရက်စွဲ၊ ၂၀၁၈ ခုနှစ်၊ စက်တင်ဘာလ ၂၆ ရက်

**ဖြန့်ဝေခြင်း**

နိုင်ငံတော်သမ္မတရုံး

သမ္မတဦးစီးရုံး

ဒုတိယသမ္မတဦးစီးရုံးများ

ပြည်ထောင်စုအစိုးရအဖွဲ့ရုံး

ပြည်ထောင်စုလွှတ်တော်ရုံး

ပြည်သူ့လွှတ်တော်ရုံး

အမျိုးသားလွှတ်တော်ရုံး

ပြည်ထောင်စုတရားလွှတ်တော်ချုပ်

နိုင်ငံတော်ဖွဲ့စည်းပုံအခြေခံဥပဒေဆိုင်ရာခုံရုံး

ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်ရုံး

ပြည်ထောင်စုဝန်ကြီးဌာနအားလုံး

ပြည်ထောင်စုရှေ့နေချုပ်ရုံး

ပြည်ထောင်စုစာရင်းစစ်ချုပ်ရုံး

ပြည်ထောင်စုရာထူးဝန်အဖွဲ့ရုံး

နေပြည်တော်ကောင်စီရုံး

တိုင်းဒေသကြီး/ပြည်နယ်အစိုးရအဖွဲ့ရုံးများအားလုံး

မြန်မာနိုင်ငံတော်ဗဟိုဘဏ်

အဂတိလိုက်စားမှုတိုက်ဖျက်ရေးကော်မရှင်ရုံး

မြန်မာနိုင်ငံအမျိုးသားလူ့အခွင့်အရေးကော်မရှင်ရုံး

သတ္တုတွင်းဦးစီးဌာန

ဘူမိဗေဒလေ့လာရေးနှင့် ဓာတ်သတ္တုရှာဖွေရေးဦးစီးဌာန

အမှတ်(၁)သတ္တုတွင်းလုပ်ငန်း

အမှတ်(၂)သတ္တုတွင်းလုပ်ငန်း

မြန်မာ့ကျောက်မျက်ရတနာရောင်းဝယ်ရေးလုပ်ငန်း
မြန်မာ့ပုလဲထုတ်လုပ်ရေးနှင့် ရောင်းဝယ်ရေးလုပ်ငန်း
ကချင်ပြည်နယ်လုပ်ကွက်စိစစ်ချထားပေးရေးအဖွဲ့ဝင်အားလုံး

| | |
|---|---|
| ညွှန်ကြားရေးမှူးချုပ်<br>ပုံနှိပ်ရေးနှင့်စာအုပ်ထုတ်ဝေရေးဦးစီးဌာန | မြန်မာနိုင်ငံပြန်တမ်းတွင် ထည့်သွင်းကြေညာပေးပါရန် မေတ္တာရပ်ခံချက်ဖြင့် ပေးပို့ပါသည်။ |

အမိန့်အရ

24/9/18

မင်းမင်းဦး
အမြဲတမ်းအတွင်းဝန်